# ချင်းပြည်နယ်အတွင်းရေရှည်တည်တံ့သော

# သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်

# အခြေခံနိယာမ၊ လက်တွေ့အခက်အခဲများနှင့်

# လိုအပ်သော ပေါ်လစီစည်းမျဉ်းများ

# ၁။ နိဒါန်း

- ယနေ့ကမ္ဘာမှာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုအတွက် နိုင်ငံခြားဝင်ငွေရရှိစေသည့် လုပ်ငန်းများအနက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည်လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်သောလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံခြားဝင်ငွေ၏ အဓိက ဇစ်မြစ်ဖြစ်လာပါသည်။
- ၂၀၁၀ ခုနှစ်တွင် WTO ၏ ဖော်ပြချက်အရ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာသူအရေအတွက်သန်းပေါင်း(၁၀၀၀)ခန့် ရှိခဲ့ပါသည်။။
- စီးပွားရေးအရ အရေးပါသော ခရီးသွားလုပ်ငန်းသည် နိုင်ငံအများစုအကြားရေပန်းစားလာခဲ့ပါသည်။

- ကမ္ဘာအနှံ့အပြားဖွံ့ဖြိုးလာသော ခရီးသွားလုပ်ငန်းကြောင့် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ခြိမ်းခြောက်လာစေကြောင်းသိလာရသည့်အခါ သဘာဝ အခြေခံခရီးသွားလုပ်ငန်းပေါ်ပေါက်ကျင့်သုံးလာကြရပါသည်။

- အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း အဖွဲ့အစည်းမှ Ecotourism သည်ခရီးသွားလုပ်ငန်းများအနက် အဓိကရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ပိုင်ဆိုင်ထားသည့်ဈေးကွက်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သဘာဝနယ်မြေများကို ထိန်းသိမ်းရေးအတွက် အဓိကရည်ရွယ်ကြောင်း၊ ဒေသခံပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးအမြတ်ကိုဖြစ်ပေါ် ခံစားစေခြင်းဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးရေးနှင့်ပါတ်သက်၍ လာရောက်လည်ပတ်သူများကို ပညာပေးခြင်းများဖြစ် ကြောင်း စည်းမျဉ်းများ ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

- ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ သဘာဝခရီးသွားလုပ်ငန်း အဖွဲ့အစည်းမှ Ecotourism ဆိုသည်မှာ "မိမိကိုယ်တိုင်တာဝန်ယူပြီး သဘာဝဇေရိယာများသို့ သွားရောက်ရာ၌ ဒေသခံပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးရေး၊ အသိပညာ ဗဟုသုတ မြှင့်တင်ပေးခြင်းအပြင် သဘာဝပတ်ဝန်းကျင် (သဘာဝနှင့် ယဉ်ကျေးမှုများ) အား ထိန်းသိမ်းဆောင်ရွက်ပေးသည့် ခရီးဟုအဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

# ၂။ Ecotourism ရည်ရွယ်ချက်

- သဘာဝနယ်မြေများအားထိန်းသိမ်းပြီး ဒေသခံတို့အား စဉ်ဆက်မပြတ် အကျိုးကျေးဇူးခံစားရရှိစေရန်
- အဓိက ရေရှည်ဖွံ့ဖြိုးမှုကို ပိုင်ဆိုင်ထားသည့် ဈေးကွက်စီးပွားရေးတစ်ခု ဖြစ်ထွန်းလာစေရန်
- လာရောက်လည်ပတ်သည့် ခရီးသည်များအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတနှင့် အတွေ့အကြုံများပေးစွမ်းနိုင်ရန်

# ၃။ Ecotourism စည်းမျဉ်းများ

- ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရမည်
- ပတ်ဝန်းကျင်နှင့်ရိုးရာယဉ်ကျေးမှုအပေါ် လေးစားတန်ဖိုးထားရမည်
- ဧည့်သည်များနှင့် ဒေသခံများအတွက် ကောင်းမွန်သော အတွေ့အကြုံ ဖန်တီးပေးရမည်
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တိုက်ရိုက်ဝင်ငွေဖန်တီးဆောင်ရွက်ပေးရမည်
- ဒေသခံများအတွက်ငွေကြေးဆိုင်ရာ အကျိုးအမြတ်နှင့် စွမ်းဆောင်ရည် တိုးမြှင့်ပေးနိုင်ရေးများဆောင်ရွက်ပေးရမည်

- ဒေသခံပြည်သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်များအား မြတ်နိုးစိတ်နှင့် သဘာဝပတ်ဝန်းကျင်အား အလေးထားလိုသောစိတ်တိုးမြှင့်ပေးနိုင်ရမည်

# ၄။ Ecotourism အစိတ်အပိုင်းများ

(၁) စီးပွားရေးလုပ်ငန်းရှင်များ

(၂) အစိုးရအဖွဲ့အစည်းများ

(၃) NGO များ

(၄) ဒေသခံပြည်သူများ

(၅) နှစ်စဉ်ပေါ်ထွက်နေသည့်ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာများပူးပေါင်း ပါဝင်စေရမည်

# ၅။Ecotourism မူဝါဒများ

- Ecotourism နေရာများတွင် သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်နှောင့်ယှက်မှုနှင့်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး
- ခရီးသွားဧည့်သည်များအား ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးရေး
- ဒေသခံများ၏ လိုအပ်ချက်နှင့်ထိန်းသိမ်းရေးအကျိုးရလဒ်များ ရရှိနိုင်ရန်အတွက် ဒေသခံများနှင့် ဒေသခံအာဏာပိုင်တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး
- သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းစီမံအုပ်ချုပ်ရေးအတွက် ဝင်ငွေတိုက်ရိုက်ရရှိစေရန် ဆောင်ရွက်ပေးရေး

- သဘာဝနယ်မြေများအတွင်းခရီးသွားဧည့်သည်များ၏ ခရီးစဉ်အားစီမံဆောင်ရွက်ပေးနိုင်ရန်အတွက် ဇုံနယ်မြေများ ပိုင်းခြားသတ်မှတ်ရန်
- သဘာဝပတ်ဝန်းကျင် ထိခိုက်နှောက်ယှက်မှုများအား စောင့်ကြည့်လေ့လာတွက်ချက်ရန်နှင့် လျော့နည်းစေရန်အတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးရာလေ့လာမှုများအား အလေးထားပြုလုပ်ရန်
- နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များ၊ဒေသခံများ အထူးသဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နီးကပ်စွာနေထိုင်ကြသော ဒေသခံများအတွက် အကျိုးစီးပွားအမြင့်မားဆုံးရရှိစေရန်

- ဒေသခံပြည်သူများပါဝင်သည့် သုတေသနပြုလုပ်ချက်များအရ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများသည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများကို လက်ခံနိုင်သည့် အတိုင်းအတာအတွင်းရှိနေစေရေး ထိန်းညှိပေးရန်
- အဆောက်အဦးပုံစံများသည် ဒေသတွင်းရှိ သဘာဝအပင်များ၊ သားငှက်တိရိစ္ဆာန်များ၏ သဘာဝနှင့် လိုက်လျောညီထွေရှိပြီး ဒေသခံတို့၏ သဘာဝနှင့် ယဉ်ကျေးမှုများ ရောစပ်ပါဝင်စေခြင်းနှင့် ပြန်လည်အစားထိုးမရနိုင်သည့်သယံဇာတများအားအသုံးပြုမှု အနည်းဆုံးဖြစ်စေရန်

# ၆။ Ecotourism ဆိုင်ရာလမ်းညွှန်များ

- ခရီးသည်များ လွတ်လပ်စွာ သွားလာလည်ပတ် နိုင်ရန်နှင့် သွားလာလည်ပတ်စဉ် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအား မထိခိုက်စေရေး ကြိုတင်ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ပေးရန်
- လုံလောက်သည့် ဝန်ဆောင်မှုပေးနိုင်စေရန် အုပ်စုငယ်များခွဲ၍ လမ်းညွှန်မှုပေး ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုမရှိစေရေးတားမြစ် ချက်များကို စာ/ရုပ်ပုံများဖြင့် Dos & Don’ts များဖော်ပြပေးခြင်း
- ခရီးသွားမန်နေဂျာများ၊ ဝန်ထမ်းများအား အရည်အသွေးမြှင့် သင်တန်းပေးခြင်း၊ အလုပ်လုပ်ကိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ဧည့်သည်များကြောင့် သဘာဝ ယဉ်ကျေးမှုများမထိခိုက်စေရေး စီမံချက်များထားရှိပေးရန်

- ထိန်းသိမ်းရေးရံပုံငွေများ ပေးပြီး ဒေသအလိုက်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စေရန်
- ဒေသခံများအကြားယှဉ်ပြိုင်မှုများပြုလုပ်ပေးပြီး ဒေသခံဓလေ့ထုံးတမ်းများ၏ အမြင်အားခရီးသွားလုပ်ငန်းများ စီမံအုပ်ချုပ်ရေးတွင်ပါဝင်ထည့်သွင်း ဆောင်ရွက်ပေးရန်
- ဓလေ့သည်များနေထိုင်တည်းခိုရန်အတွက် ဒေသခံများအား စီစဉ်ဆောင်ရွက်စေရန်နှင့် တည်းခိုဆောင်များအား ဒေသနှင့်အညီ ပုံစံဖြင့် တည်ဆောက်ထားရှိရန်

# ၇။ Ecotourism အတွက်သင့်တော်သည့် နေရာဒေသ၏လက္ခဏာများ

- ဥပဒေဖြင့်ကာကွယ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ
- ဖွံ့ဖြိုးတိုးတက်မှုနည်းပါး၍ သဘာဝအနေအထားအတိုင်းရှိသောနေရာများ
- ဒေသခံများပိုင်ဆိုင်ထားသည့် အသေးစားစီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များရှိသည့်နေရာများ
- ဒေသခံတို့၏လက်မှုလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးနိုင်သည့်နေရာများ
- ရင်းနှီးဖော်ရွေစွာဧည့်ခံနိုင်သည့် ဒေသခံတို့ပိုင်သည့် တည်းခိုရန်နေရာ၊ စားသောက်ဆိုင်များရှိသည့်နေရာများ

- ✓ ဂုဏ်ယူဖွယ်ရာ ဒေသခံတို့၏ ရိုးရာ ယဉ်ကျေးမှုပွဲတော်ပေါ်များစွာ ကျင်းပနိုင်သည့်နေရာများ
- ✓ ဒေသခံများနှင့်ဧည့်သည်များအတွက် သန့်ရှင်းသည့် အခြေခံလိုအပ်ချက်များ ထောက်ပံ့ပေးနိုင်သည့်နေရာများ

# ၈။Ecotourism လုပ်ငန်း၌တည်းခိုခန်းများ၏ စီမံလုပ်ဆောင်မှုလက္ခဏာများ

- ခရီးသွားလုပ်ငန်းတွင် ပါဝင်သူများနှင့် ဒေသခံများအား အလုပ်သင်တန်းများ ပေးခြင်း
- ဒေသခံများအား အဓိကထား၍ ဝန်ထမ်းများခန့်ထားခြင်း
- ဒေသခံ ဘွဲ့ရလူငယ်တို့အား ဘာသာစကားသင်တန်းများ တက်ရောက်စေခြင်း
- ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးမှုပညာပေးလုပ်ငန်းများတွင် ဧည့်သည်များ အား ပူးပေါင်းပါဝင်စေခြင်း
- ဒေသခံတို့အနေဖြင့် မိမိတို့၏ ဒေသအကြောင်းနှင့် ဗဟုသုတများကို ဧည့်လမ်း ညွှန်များမှတဆင့် ဧည့်သည်များဖြင့် ရင်းနှီး ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးစေခြင်း

- ဧည့်သည်များအားဒေသခံတို့၏စိုက်ခင်းများ၊ ပျိုးဥယျာဉ်များနှင့် ယင်းဒေသရှိ သစ်တောထိန်းသိမ်းခြင်းပြန်လည်စိုက်ပျိုးခြင်းစီမံကိန်းနေရာများသို့သွားရောက်လေ့လာနိုင်ရန်စီစဉ်ပေးခြင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ မှတ်တမ်းများရှိခြင်း
- ဒေသ၏ သဘာဝအရင်းအမြစ်များအား ထိန်းသိမ်းရေး လုပ်ငန်းများတွင် ဧည့်သည် များ ငွေကြေးပါဝင်စေနိုင်ရန် အစီအစဉ်တစ်ခုပြုလုပ်ထားခြင်း
- Reycle စနစ်ထားရှိရန်
- အဆိပ်အတောက်ဖြစ်စေသည့် ဓါတုဗေဒ များရှောင်ကြဉ်၍ အတတ်နိုင်ဆုံး ဇီဝနည်းအရချေဖျက်နိုင်သည့် ပစ္စည်းများကိုသာ အသုံးပြုခြင်း၊ သားငှက်တိရိစ္ဆာန်များအား လှောင်အိမ်ဖြင့် မွေးမြူပြသခြင်း မပြုလုပ်စေရန်

# ၉။ Ecotourism ဆိုင်ရာနည်းနပညာများအတွက် အရေးကြီးလိုအပ်သောလုပ်ငန်း အဆင့်များ

- Ecotourism သည်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့်ရေရှည်တည်တံ့ဖွံ့ဖြိုးသောလူမှုဘဝအတွက် ထင်ရှားအရေးပါသောလက်နက်တစ်ခုဖြစ်ခြင်း
- ဒေသခံပြည်သူများ၏ လက်တွေ့ဘဝအသက်မွေးဝမ်းကျောင်းလုပ်ငန်းစဉ်များ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအခြေခံပညာအဆင့်အတန်းများအရEcotourism ဖွံ့ဖြိုးတိုးတက်စေရန် စိန်ခေါ်မှုကြီးမားပြီး ခက်ခဲသောလုပ်ငန်းစဉ်ဖြစ်ခြင်း

- Ecotourism ရေရှည်ဖွံ့ဖြိုးလာစေရေးအတွက်သတင်းအချက်အလက်ကွင်းဆင်းစာရင်းကောက်လေ့လာခြင်း Ecotourism ဦးတည်သွားရောက်နိုင်မည့် နေရာသစ်များရှာဖွေ အဆိုပြုခြင်း၊ လုပ်ငန်းအုပ်ချုပ်မှုစီမံချက်ရေးဆွဲခြင်း၊ အစိုးရ၏ လုံလောက်သောရန်ပုံငွေ ပံ့ပိုးမှုရရှိရေး ဆောင်ရွက်ခြင်း
- Ecotourism ဒေသများရှိ သဘာဝ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် လုံလောက်သောရန်ပုံငွေအတွက် တစ်ဖက်တွင် အထူးဝင်ကြေးနှင့် အခွန်အခများလမ်းကြောင်းရှာဖွေစီစဉ်ဆောင်ရွက်ခြင်း

- အရည်အသွေးရှိသောခရီးသည်များအတွက် အတွေ့အကြုံကောင်းများ ဖန်တီးပေးခြင်း၊ ခရီးသည်ဦးရေများပြားမှုမဖြစ်စေရန် စနစ်တကျ စီမံထိန်းချုပ်ကြိုတင်ကာကွယ်ခြင်းဖြင့် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် စီမံအုပ်ချုပ်ခြင်း
- Ecotourism လုပ်ငန်းနှင့်ဆက်နွယ်သည့် အခြားစီးပွားရေးလုပ်ငန်းသစ်များ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့လာဆန်းစစ် အကောင်အထည်ဖော်ခြင်း
- ချင်းပြည်နယ်အတွင်း မှန်ကန်မြန်ဆန်သည့် ခရီးသွားနေမြေများ ဖွံ့ဖြိုးမှုကို စနစ်တကျစီမံအုပ်ချုပ်နိုင်ရန် ပထဝီမြေပြင်အခြေအနေအပေါ် သတင်းအချက်လက်များ အချိန်တိုအတွင်းလွယ်ကူစွာ သတင်းရယူခြင်းနှင့် လူမှုရေးရာ၊ အခြား ဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် ဂြိုလ်တုဆက်သွယ်မှု ကွန်ယက်စနစ် တည်ထောင်အကောင်အထည်ဖော်ခြင်း

- ဖော်ပြပါ Ecotourism လုပ်ငန်းစဉ်များ အောင်မြင်စေရန် ဒေသခံများ ပူးပေါင်းပါဝင်လာစေရေးအတွက် ကနဦးအနေဖြင့် သဘာဝပတ်ကျင်နှင့် လူမှုရေးရာနယ်ပယ်တွင် တတ်ကျွမ်းသည့် ပညာရှင်များပါဝင်သည့် Ecotourism Project များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- လက်ရှိ ချင်းပြည်နယ်တွင် Ecotourism စနစ်တကျဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ပြည်နယ်၏ အနာဂါတ် အခွန်အခဝင်ငွေ အမြတ်အစွန်းရရှိရေးအတွက် နည်းပညာ၊ ငွေကြေး၊ အရင်းအနှီးများ ဖိတ်ခေါ် ဆောင်ရွက်ရန် အကောင်းဆုံး အချိန်ကာလဖြစ်ခြင်း

# ၉။ နိဂုံး

- ချင်းပြည်နယ် ပထဝီမြေပြင်အခြေအနေ၏ အဓိကရေရှည်ဖွံ့ဖြိုးမှုကို ပိုင်ဆိုင်ထားသည့် ဈေးကွက်စီးပွားရေးဆိုင်ရာလုပ်ငန်းဖြစ်ပြီး နိုင်ငံခြားဝင်ငွေ၏ အဓိကဇစ်မြစ်ဖြစ်သော Ecotourism လုပ်ငန်းသည် အသင့်တော်ဆုံးဖြစ်ခြင်း
- ထိခိုက်ပျက်စီးလွယ်သည့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအချို့နေရာများတွင် Ecotourism လုပ်ငန်းကြောင့်ထိန်းသိမ်းရေးအကျိုးရလဒ်များစွာ ပြန်လည်ရရှိခဲ့သည် ကမ္ဘာ့အချို့နေရာများတွင် လက်တွေ့သာဓကများတွေ့ရှိရခြင်း
- Ecotourism လုပ်ငန်း၌ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ၏ အဓိကပါဝင်ဆောင်ရွက်ရမည့်သူများဖြစ်၍ ဒေသခံပြည်သူများ၏ အခွင့်အလမ်းကို သေချာစီစစ်ထည့်သွင်းရန် လိုအပ်မည်ဖြစ်ခြင်း

- ဒေသခံပြည်သူများအား Ecotourism ဖွံ့ဖြိုးလာသည်နှင့် အမျှဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲရလဒ်များကို ကြိုတင်သဘောပေါက်ကာကွယ်နိုင်စေရန်နှင့် သဘောတူညီမှုများရယူထားရန်
- အနာဂတ်တွင် သက်ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၊ အဖွဲ့အစည်းများအနေဖြင့် ခရီးသွားလမ်းညွှန်မှုများ၊ ခရီးသွားလက်မှတ်များသတ်မှတ်ပေးရန် လိုအပ်လာမည့်အပြင် ဒေသခံများအတွက် ခရီးသွားဝန်ဆောင်မှုပေးနိုင်ရန် လုပ်အားခငွေကြေးများထုတ်ပေးထားရန် (သို့မဟုတ်ပါက ဒေသခံများ၏သဘာဝ ယဉ်ကျေးမှုများထိခိုက်လာစေနိုင်သည်)

- ဒေသခံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဆက်များ အသိပေးရန် လိုအပ်ပြီး ယေဘုယျအားဖြင့် ၎င်းတို့ဒေသနှင့် အများပြည်သူ ဖွံ့ဖြိုးတိုးတက်မှု အနှောက်အယှက်တားမြစ်မှုကိစ္စရပ်များဖြစ်ပေါ်လာပါကစီစစ်ဆုံးဖြတ်ပေးမည့် ခုံသမာဓိအဖွဲ့( Third Party) ဖွဲ့၍ စီစစ်ခြင်း ဒီမိုကရေစီကျင့်စဉ်အရလည်းကောင်း၊ တည်ဆဲဥပဒေအရလည်းကောင်း ဆန့်ကျင်မှုဖြစ်ပေါ်လာပါက စီမံခန့်ခွဲမှုနည်းလမ်းအသုံးပြု၍ ဆက်လက် အကောင်အထည်ဖော်ခြင်း

❖ သဘာဝယဉ်ကျေးမှုအမွေအနှစ်ဟူသည်လူသားတို့၏သမိုင်းကြောင်းကို နားလည်သဘောပေါက်စေနိုင်သောအုတ်မြစ်ဖြစ်သည်။ထိုအရာအားလုံးသည် ဘိုးဘွားဘီဘင်တို့ထံမှ လက်ခံရရှိခဲ့သော အရာများဖြစ်ပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်းနိုင်ရန် လက်ရှိအချိန်တွင်ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ အဖိုးကြီးမားထိုက်တန်သော အမွေအနှစ်များကို ဖော်ထုတ်လေးစားမြတ်နိုးထား၍ လူသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးရှိစွာအသုံးချထိန်းသိမ်းလက်ဆင့်ကမ်း ချန်ထားရန်မှာ ကျွန်ုပ်တို့လူမှုအသိုင်းအဝိုင်းအားလုံး၏ ဘုံတာဝန်ဖြစ်သည်။


ကျေးဇူးတင်ရှိပါသည်